# အလုပ်ချိန်တွင်သတိပြုရမည့်အချက်များ (ငြမ်း၊ ခေါက်လှေကားစသည်)

## (၁)ပစ္စည်းများသယ်ဆောင်စဉ်ကြိုတင်ကာကွယ်မှုများ

ပစ္စည်းများသယ်ယူပို့ဆောင်ရန်အတွက်\ဘီးတပ်လှည်းများကိုအသုံးပြုပါ။မနိုင်မနင်းသယ်ဆောင်ခြင်းများသည်ခါးနာတတ်သည်။ဖြစ်နိုင်မည်ဆိုပါကခါးတွင်ဝန်သက်ရောက်ခြင်းအားလျော့ချပါ။

〔လေးသောအရာများမစဉ်〕

ခန္ဓာကိုယ်အလယ်နှင့်ပစ္စည်းအလယ်အားအညီထားပါ။

ခန္ဓာကိုယ်အလယ်နှင့်ပစ္စည်းအလယ်အားတက်နိုင်သမျှမနီးကပ်စေပါနှင့်



ထမ်းသယ်ခြင်း



ပိုက်သယ်ခြင်း



# (၂)အလုပ်လှေကား၊သယ်ရလွယ်အလုပ်ခုံအသုံးပြုပုံ

- အလုပ်လှေကား၊သယ်ရလွယ်အလုပ်ခုံအားမြေမျက်နှာပြင်ညီသောနေရာတွင်သာထားရှိပြီး လော့ခ်ကျသည်အထိဖွင့်ပြီးမှအသုံးပြုပါ။
- လှေကားတစ်ခုစီအားနေရာသုံးနေရာတွင်ထားရှိပြီးတစ်ခုနှင့်တစ်ခုကြားအကွာအဝေးသည်၁.၈စင်တီမီတာအောက်တွင်ရှိပြီး၂ယောက်ထက်ပို၍တစ်ပြိုင်တည်းမတက်ရ။
- လှေကားငြမ်းလုပ်ဆောင်ခြင်းအားအထူးပညာရေးပြီးစီးသူသာလုပ်ဆောင်ရန်။

〔လှေကားငြမ်းဥပမာ〕



## (၃)သယ်ရလွယ်အလုပ်ခုံနှင့်လုံခြုံသောအသုံးပြုပုံ

ပစ္စည်းကိရိယာများကိုငြမ်းပေါ်အရင်တင်၍လက်ကိုင်၊ခြေနင်းများကိုင်၍ဖြေးဖြေးဆင်းပါ။လှေကားအားကျောပေးမဆင်းရ



လှေကားဆင်းချိန်လက်ကိုင်တန်းအားကိုင်ဆင်းရန်

## (၄)စည်းလုံး၍စိတ်ချရသောနည်းလမ်းစဉ်ကိုလိုက်နာပါ။

သယ်ရလွယ်အလုပ်ခုံသုံးစဉ်၊အခြားအလုပ်သမားလည်းထိုလမ်းကြောင်းအသုံးပြုနေသည်ကိုသတိပြု၍ပစ္စည်းများကိုနေရာတကျထားရှိခြင်းဖြင့်စည်းကမ်းတကျလုပ်ဆောင်ပါ။



## (၅)လှေကားဆင်းစဉ်ခြေလက်နှစ်ဖက်ဖြင့်ဆင်းရန်

လက်နှစ်ဖက်တွင်သံလျက်နှင့်သံလျက်ပြားများကိုင်လျက်လှေကားဆင်းလျှင်ဟန်ချက်ပျက်၍ချော်လဲခြင်းများဖြစ်နိုင်သည်။ထို့ကြောင့်ဆင်းချိန်တွင်ပစ္စည်းများမသယ်ပဲ၊လက်ခြေနှစ်ဖက်ဖြင့်သေချာကိုင်၍ဆင်းသက်ရန်



## (၆)လုံခြုံစိတ်ချရသောလှေကားအသုံးပြုပုံ

လှေကားနှင့်အလုပ်ခုံပေါ်တက်စဉ်မမှန်ကန်သောအနေအထားဖြင့်အလုပ်လုပ်ပါကဟန်ချက်ပျက်၍ခြေချော်ခြင်း၊လဲခြင်းများဖြစ်ပေါ်တတ်သည်။မှန်ကန်သောအနေအထားဖြင့်လုပ်ဆောင်ပါ။

○ ထိပ်ပိုင်းအပြားပေါ်သို့မတက်ရ၊မခွရ



×ထိပ်ပိုင်းအပြားပေါ်သို့တက်ခြင်း၊ခွခြင်း





## (၇)ငြမ်းပေါ်သို့မလိုအပ်သောပစ္စည်းများမတင်ရ

ငြမ်းပေါ်တွင်နံရံဆေးသုတ်ခြင်းလုပ်စဉ်၊ပစ္စည်းများပြုတ်ကျခြင်းဖြစ်တတ်သဖြင့်ငြမ်းပေါ်တွင်မလိုအပ်သောပစ္စည်းများမထားရ။ခြေထောက်အောက်ခြေအားသေချာစစ်ဆေးပါ။စကတ်ဘုတ်ပြားများပိုက်ကွန်များကိုတပ်ဆင်ပါ။



# (၈)ချော်မလဲစေရန်သတိပြုပါ။

- ကြမ်းပြင်တွင်ပစ္စည်းကိရိယာများထားရှိခြင်း၊ကြီးမားသောပစ္စည်းမထားသဖြင့်အောက်ခြေအား မမြင်ရပဲအလုပ်လုပ်ခြင်းလှေကားဆင်းခြင်းတွင်ချော်လဲခြင်းများဖြစ်ပေါ်တတ်သည်။
- လျှောက်လမ်းကြောင်းတွင်ပစ္စည်းထားခြင်း၊ခြေထောက်အောက်မမြင်ရပဲအလုပ်လုပ်ခြင်းများမပြုလုပ်ရ။










